**သံဝေဂ(၈)ပါး**

၁။ ဇာတိ

၂။ ဇရာ

၃။ ဗျာဓိ

၄။ မရဏ

၅။ အပါယ်ဒုက္ခ

၆။ အတိတ်ဒုက္ခ

၇။ အနာဂတ်ဒုက္ခ

၈။ ရှာဖွေခြင်းဒုက္ခ

မသိတာအစ သိတာမှာဆုံး ကိစ္စတုံး၏
မသိလျှင်တစ်ပတ်ပတ် သိလျှင်ပြတ်၏

ကြောင်းကျိုးမာလနှစ်ဌာန ဒွရမူလီထုတ်၊
မူလမူလီနှစ်ပါးစီ ဉာဏ်မှီခွဲသယုတ်။

မရှိပညတ် ရှိပရမတ်
(၂)ရပ်ဉာဏ်ဖြင့်ခွဲ
(၂)ရပ်ဉာဏ်မြင် ဒိဋ္ဌိစင် နိဗ္ဗာန်ဝင်မည်မလွဲ။

အပြစ်ဖုံးတာအဝိဇ္ဇာ တဏှာညွတ်စေဖို့
ကံသင်္ခါရပြစ်ချမှု ရလေဘဝတစ်ခု။

**ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ခြင်းသည် အခြားကိုးကွယ်ခြင်းများ**

(၁) ကြောက်ရွံ့မှုကင်းခြင်း

(၂) လွတ်လပ်ခြင်း

(၃) မှျတခြင်း

လာပြီးတော့နား၊

မသွားသေးခင် ချိန်လေးတွင်မှ၊

ဝန်းကျင်ယှက်နွယ် နေ့င်ကြိုးသွယ်ခဲ့၊

ပြုံးရီမဲ့ငို ချစ်မုန်းပိုကြ၊

မလိုဒေါသ လိုလောဘနှင့်၊

ဘဝရိပ်မြုံ ကကြိုးစုံခဲ့၊

ကံကုန်မိုးချုပ် လက်တွဲဖြုတ်သော်၊

သုတ်သုတ်ဆောနင် ခရီးနှင်ခဲ့ရတဲ့တို့တွေ ဧည့်သည်တွေပဲ။

**ထေရဝါဒဆိုတာ**

၁။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတည်းဟူသော ကိုးကွယ်ရာအစစ် ရတနာမြတ်သုံးပါးဖြင့်သာ ခိုင်မြဲသော ဝါဒ၊

၂။ သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးရပ်ဖြင့် ခိုင်မြဲသော အယူဝါဒ၊

၃။ ဝိနယ၊ သုတ္တန်၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံဖြင့် ခိုင်မာစွာဖွဲ့စည်းထားသော အယူဝါဒ၊

၄။ ပရိယတ်၊ ပရိပတ်၊ ပရိဝေဒဟူသော အကျင့်မြတ်သုံးရပ်ဖြင့် ဖွဲ့စည်းထားသော အယူဝါဒ၊

၅။ သစ္စာလေးပါးဖြင့်အရိယာသူတော်မြတ်တို့ကိန်းဝပ်စံပျော်ရာ အမြိုက်နိဗ္ဗာန်ကို ပို့ဆောင်ပေးသောဝါဒ။

**ရုပ်ဖြစ်ကြောင်းတရား(၄)ပါး**

၁။ ကံ

၂။ စိတ်

၃။ ဥတု

၄။ အာဟာရ

**သင်္ကေတဗုဒ္ဓဘာသာ**

ကြာ – မြတ်စွာဘုရားအလောင်းမွေးဖွားစဉ်က မွေးပြီးလျှင်ပြီးခြင်း နင်းလျှောက်ခဲ့သောအရာ၏သင်္ကေတ၊

နွား – မြတ်စွာဘုရားအလောင်းမွေးဖွားစဉ်ကနှင့် ပရိနိဗ္ဗာန်စံဝင်သည့်လဌ်ရှိသောရာသီခွင်၏ သင်္ကေတ၊

ဆင် – မယ်တော်မာယာ၏ ဝမ်းကြာတိုက်သို့ ပဋိသန္ဓေယူခဲ့စဉ်က အမှတ်အသားဖြစ်သည့်ဆင်၏သင်္ကေတ၊

ခြသေ့် – သစ္စာလေးပါးကို ရဲဝံ့စွာသိခြင်း၏ သင်္ကေတ၊

မြင်း – မြတ်စွာဘုရားအလောင်း တောထွက်စဉ်က စီးခဲ့သောမြင်း၏ သင်္ကေတ၊ (တနည်း)

ကုသိုလ်တရားတို့ပြုလုပ်ရာအချိန်၌ လျင်မြန်စွာပြုလုပ်ခြင်း၏ သင်္ကေတ၊

စကြာ – မြတ်စွာဘုရားရှင် ဓမ္မစကြာဟောစဉ်က မဂ္ဂင်ရှစ်ပါး၏ သင်္ကေတ၊

ညောင်ပင် – သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်သို့ရောက်ခဲ့သည့်နေရာ၏ သင်္ကေတ၊

ထူပါ – မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ကာ မီးသင်္ဂြိုလ်ပူဇော်ခြင်း၏ သင်္ကေတ။

စေတီတို့တွင် အောက်ခြေတွင်ကျယ်၍ အထက်သို့တဖြည်းဖြည်းကျဉ်း၍သွားရခြင်းသည် လောက၌ လောကီဘုံတို့တွင် လုပ်ဆောင်ရမည့်အလုပ်များ များပြားလွန်းလှ၍ လောကုတ္တရာသို့ခြေချသည်မှစတင်ကာ လုပ်ဆောင်ရမည့်အလုပ်များ တဖြည်းဖြည်းနည်းသွားသည်ကို ရည်ရွယ်ပေသည်

ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်
မင်းစည်းစိမ်ကား၊ သမုဒ္ဒရာ
ရေမျက်နှာထက်၊ ခဏတက်သည့်
ရေပွက်ပမာ၊ တစ်သက်လျာတည်း။ (အနန္တသူရိယအမတ်)

| | |
|---|---|
| **သမ္မာဒိဋ္ဌိ** | – ဥပါဒါနက္ခာ(၅)ပါး၏ ဖြစ်ခြင်း၊ပျက်ခြင်းကို မြင်ခြင်းသဘော ငါ၊ ငါ့ဟာမဟုတ်ဟု မြင်ခြင်း |
| **သမ္မာသင်္ကပ္ပ** | – မြင်ပြီးသား ဖြစ်ပျက်ကို နောက်ပြန်မကျအောင် တင်ပေးခြင်း |
| **သမ္မာသတိ** | – ဖြစ်ခြင်းပျက်ခြင်းကို အမှတ်ရအောင် ဖော်ဖော်ပေးခြင်း |
| **သမ္မာဝါယာမ** | – ဖြစ်ခြင်းပျက်ဖြင်းကို ပျင်းမသွားအောင် အားထုတ်ခြင်း |
| **သမ္မာသမာဓိ** | – ထိုအရာအားလုံး တစုတဝေးတည်းဖြစ်အောင် အားထုတ်ခြင်း |

ဓါတ်တော်မွေတော်၊ ကြွင်းပါသော်လည်း

ချွတ်ချော်သာသနာ၊ နှောင်သောခါဝယ်

ရှိန်ဝါပျောက်ကြွေ၊ ကွယ်ပချေသော်

ထွေထွေရပ်နယ်၊ ဓါတ်သွယ်သွယ်လည်း

ကိုးကွယ်ကြမည့်၊ လူမရှိ၍

ဗောဓိပင်မှာ၊ စုပေါင်းကာဖြင့်

ရောင်ဝါလွှတ်ပြီး၊ ရွှေတုန်းကြီးသို့

ဓါတ်မီးလောင်တောက်၊ ကုန်ဆုံးပျောက်က

လာရောက်ကြရှာ၊ နတ်ဗြဟ္မာတို့

သာသနာဗုဒ္ဓ၊ ယခုမှပင်

မုချအတည်၊ ကွယ်ရပြီဟု

ငိုမြည်တမ်းတ၊ သုဝေဂဖြင့်

မရယူကျုံး၊ ကိုယ်စိတ်ချုံးသည်

နောက်ဆုံးသာသနာ ပွဲတော်ဘုရား။

ခြောက်ရောင်ကွန့်မြူး တင့်ထူးပေဟန်

သာသနာ့အလံ၏ အဓိပ္ပာယ်ဟန်ကို

ဖွင့်ဆိုရန်မှာ

အပြာ သဒ္ဓါ   အဝါ မြင့်မြတ်

နီမှာ ပညာ

ဖြူရောင်ဝင်းဝင်း စင်ကြယ်ခြင်းတည်း

တဏှာကင်းပြောင် လိမ္မော်ရောင်နှင့်

ရောင်စင်ဖြာဖြာ သင်္ကေတမှာ

အရိယာ၏ ဖော်ညွှန်းဂုဏ်ရည်

စာသွန်းစီသည်

လဝန်းရောင်ခြည် ဓမ္မစေတီ။  ။

(၁၈၈၅ မေ ၂၇ တွင်စ၊ ၁၈၈၉  ဂျပန်နှင့် မြန်မာ၊ ၁၉၅၀ ကမ္ဘာ)

အရိယာဇာတ် ပုဂ္ဂုလ်မြတ်ကို
ပြောတတ်ပြစ်ဆို အညစ်ပို၍
မလိုရန်ညိုး ထိုထိုမျိုးမှ
ဆယ်မျိုးပစ်ဒဏ် ရမြဲမှန်ခဲ့
သွေးအန်ဖြစ်လွယ် ရောင်းဝယ်ရှုံးခြင်း
ချို့ယွင်းအင်္ဂါ ကုဋ္ဌနူနာ
ရူးခြားဖောက်ပြန် မင်းဒဏ်သင့်ခံ
ကြမ်းတမ်းစွပ်စွဲ သေကွဲသားခြင်း
ပျက်ခြင်းစည်းစိမ် နေအိမ်မီးလောင်
ဒုက္ခဘောင်သည် လူ့ဘောင်ဒိဋ္ဌ
တွေ့ကြုံရ၍ သေကမလွဲ
ပယ်ငရဲဝယ် ကမ္ဘာစွဲခဲ့
ရောက်ဆဲလူ့ပြည် တက်ပြန်လေသော်
ကျက်သရေမွဲ မဂ်ဖိုလ်လွဲ၍
အမြဲကြမ္မာ ဝဋ်ကြောင်းပါသည်
ရောင်ရန်ခမ္မ အန္တရာယ်တည်း။

အနိစ္စရယ်လို့ စိတ်ကတော့ မထင်လို
ဒုက္ခမီးရယ်လို့ နှုတ်ကပင် ယောင်လို့ညီးသော်လည်း
လူ့စည်းစိမ် ဗလာဇွေနဲ့
ဒါတွေ တွေး တွေးလိုက်တော့ အေးတော့မလို
အနတ္တရယ်လို့ ဆိုသာဆို ကိုယ့်ဘို့နဲ့ပါတကား
ထင်ချက်ကယ်ကွာ ထင်ချက်ကယ်ကွာ
တင်လက္ခဏာရေးနဲ့ ရင်စကြာဘယ်လိုသုံးပေမယ့်
ဝဋ္ဋထောင်ကို လွတ်အောင်ရုန်းနိုင်ပါ့မလားရယ်လို့
အလိုကွယ် ကျုပ်တို့မှာ မြှူးမိတဲ့ငါး။

တံလျှပ်ကိုရေထင် သောင်ပြင်မှာတံငါလုပ်တယ်
မြှူးစုတ်နဲ့ဖမ်းငါးက မှားချက်ကယ်နာ
တို့လူရွှာ ဤပမာပုံမှီး
ဒိဋ္ဌိငယ် အမြင်သန်လို့
ထင်မမှန် အယူကောက်တယ်ကွယ်
ဖျောက်လို့မပြီး။